


VOLUME I, ISSUE 4 4 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့ | ၁ |
| ၂ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့၌ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းနှင့် စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ် | ၅ |
| ၄ | ကရင်ပြည်နယ်၊ လေးကေ့ကော်ဒေသ၊ အင်းကြင်းမြိုင်၊ မယ်ထော်သလေးနှင့် ဖလူးကြီး ကျေးရွာတို့တွင် နေထိုင်သူ ၇၅၁ ဦး ၎င်းတို့နေရပ်သို့ ထပ်မံပြန်လည်ဝင်ရောက် | ၆ |
| ၅ | ပြည်ပနိုင်ငံမှ မှာယူသယ်ဆောင်လာသည့် အောက်ဆီဂျင်တင်မော်တော်ယာဉ်အား KNLA အဖွဲ့ နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက် | ၇ |
| ၆ | ရေဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့်ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် ၂ စီးကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက် | ၈ |
| ၇ | ကယားပြည်နယ်ရှိ KNPP နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က ရှားတောမြို့နယ် ရှားတော-လွိုင်ကော်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး | ၁၀ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာပါ ကောက်နုတ်ချက်များမှာ-

- မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်ကြသည့် သမိုင်းကြောင်း အစဉ်အလာကောင်းများရှိခဲ့ကြောင်း။
- နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရပြီး နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးဆုံးရှုံးရသည်ထက် ကြီးမားသည့် ဆုံးရှုံးမှုမရှိသောကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားအားလုံးတွင် ထိန်းသိမ်းစောင့်ရှောက်ရန် အပြည့်အဝ တာဝန်ရှိကြောင်း။
- မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပြီးနောက် နယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော်အုပ်ချုပ်ခဲ့သည့် တောင်တန်းမြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားခေါင်းဆောင်များအကြား နိုင်ငံရေးအယူအဆနှင့် အယူဝါဒကွဲပြားမှုအမျိုးမျိုး ဖြစ်ပေါ်လာခဲ့ပြီး ပဋိပက္ခများဖြစ်ပေါ်လာကာ နိုင်ငံတော်၏ တည်ငြိမ်ရေးပါ ထိပါးလာခဲ့သည့်အပြင် လွတ်လပ်ရေးရရှိပြီး ၇၄ နှစ်ရှိပြီဖြစ်သော်လည်း ထိုပဋိပက္ခများအား ဖြေရှင်းနေရသဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း။
- တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ကိုလိုနီစနစ်ဆိုး၏ ခါးသီးသော အတိတ်သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူကာ နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် မတရားသွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို အမြဲသတိပြုကြရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး

နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်း။

- ထာဝရငြိမ်းချမ်းရေး ရရှိစေရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးပမ်းဖော်ဆောင်ရယူ၍ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင်၍ ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့အား အားတက်သရော ဆောင်ရွက်နိုင်ပါလျှင် ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း။
- ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် နိုင်ငံရေးအသိအမြင်များ အားကောင်းရန် လိုအပ်ပြီး အားလုံးပါဝင်နိုင်သော၊ ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုမှုကို ဖော်ထုတ်နိုင်သော နိုင်ငံရေးစနစ် တည်ဆောက်မှုလိုအပ်ကြောင်း၊ ၎င်းအတွက် နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။
- ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လှုပ်ရှားမှုများအား ထိရောက်စွာဟန့်တားနိုင်ရေး ပြည်သူလူထုနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံးက စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တောင့်တင်းခိုင်မာရေးသည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသားရေး အကျိုးစီးပွားပင် ဖြစ်ကြောင်း။
- ကိုလိုနီခေတ်က ၎င်းတိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြား၍ ကျွန်သက်ရှည်အောင် ဆောင်ရွက်ခဲ့သည့်နည်းတူ မျက်မှောက်ကာလ၌လည်း ခေတ်သစ်ကိုလိုနီဝါဒီများက ညီနောင်တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲ၍ မြန်မာနိုင်ငံကို ၎င်းတို့လိုသလို ခြယ်လှယ်ခွင့်ရရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိရှိကြရမည်ဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် အယူအဆ၊ အယူဝါဒ ကွဲပြားမှုတို့ကြောင့် ဖြစ်ပေါ်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ သွေးကွဲမှုများချုပ်ငြိမ်း၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုကြောင်း။
- ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပညာသည်သာ၊ အခရာ" ဖြစ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံအနေဖြင့် ပညာကိုအခြေပြု၍ နိုင်ငံတော်တည်ဆောက်ရေး (State Building)နှင့် တိုင်းပြည်တည်ဆောက်ရေး(Nation Building)ကို ဆောင်ရွက်နိုင်မှ ခေတ်နှင့်အညီ၊ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း။
- ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြဋ္ဌာန်းချက် ၃၆၆ ၌ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က)ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ)ဥပဒေဖြင့် ပြဋ္ဌာန်းသည့်မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။" ဟု ပြဋ္ဌာန်းထားကြောင်း သဝဏ်လွှာပေးပို့ခဲ့။

၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို အလေးအနက်ခံယူပြီး နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါရန်နှင့် မျိုးဆက်သစ်များအနေဖြင့် အတိတ်မှဖြစ်စဉ်များအပေါ် ဆင်ခြင်တုံတရားထားလျက် မိမိတို့ရရှိထားသော လွတ်လပ်ခြင်း၏တန်ဖိုးကို သိရှိနားလည်ကာ အမိနိုင်ငံတော်၏အကျိုးကို စွမ်းဆောင်နိုင်သလောက် ကိုယ်စီကိုယ်စီစွမ်းဆောင်သွားကြစေရေး တိုက်တွန်းလျက် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၁-၂၀၂၂)**

- **နိုင်ငံတော်အနေဖြင့် ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် အသက်ပေါင်းများစွာပေးဆပ်ခဲ့ရပြီး နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရ။**
- **တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ကိုလိုနီစနစ်ဆိုး၏ ခါးသီးသော အတိတ်သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူကာ နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် မတရားသွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို အမြဲသတိပြုကြရန်လိုအပ်။**
- **ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးပမ်းဖော်ဆောင်ရယူ၍ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်။**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင်၍ ဆောင်ရွက်နိုင်ပါလျှင် ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည်ဖြစ်။**
- **ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် နိုင်ငံရေးအသိအမြင်များ အားကောင်းရန်လိုအပ်။**
- **ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လှုပ်ရှားမှုများအား ထိရောက်စွာဟန့်တားနိုင်ရေး ပြည်သူလူထုနှင့် လက်တွဲဆောင်ရွက်လျက်ရှိ။**
- **မျက်မှောက်ကာလ၌ ခေတ်သစ်ကိုလိုနီဝါဒီများက ညီနောင်တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုပြိုကွဲ၍ မြန်မာနိုင်ငံကို ၎င်းတို့လိုသလို ခြယ်လှယ်ခွင့်ရရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိရှိကြရမည်ဖြစ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့၌ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ရုရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ကြပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က–

- မြန်မာ–ရုရှားဆက်ဆံရေးသည် အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ဖော်ကျူးထားပါကြောင်း၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးခိုင်မာစေရေးကို ရှေးရှု၍ နှစ်နိုင်ငံအတူတကွ ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် နှစ်နိုင်ငံအကြား အခြားသော ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့်ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း။
- အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားအပေါင်း ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ကမ္ဘောဒီးယားနိုင်ငံ၊ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက–

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း။
- မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပြီး အာဆီယံဒေသတွင်း ဖိုရမ်မှတစ်ဆင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုကို များစွာတန်ဖိုးထားရှိကြောင်း။
- မြန်မာနိုင်ငံ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံက ဆက်လက်၍ ကတိကဝတ်ပြုကြောင်းနှင့် မြန်မာနိုင်ငံ၏ အနာဂတ်သာယာဝပြောရေးအတွက် ဆုမွန်ကောင်းတောင်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ကမ္ဘောဒီးယားနိုင်ငံ၊ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်က–

- ၂၀၂၂ ခုနှစ်၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူထားသော ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းဖြင့် ဒေသတွင်းသာမက နိုင်ငံတကာ၏ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- မကြာမီကာလအတွင်း အဆွေတော်အား မြန်မာနိုင်ငံ၌ တွေ့ဆုံရန် မျှော်လင့်လျက်ရှိပြီး အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလဗ်ရော့ဗ်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန မစ္စတာ ပရက်ဆုတ်ခ်ခွန်း၊ ဆားဘီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ နီကိုလာ ဆဲလ်လာ ကောဗစ်နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရီဆောင်န်ဂွန်တို့ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၄–၁–၂၀၂၂)**

- **ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးခိုင်မာစေရေးကို ရှေးရှု၍ နှစ်နိုင်ငံအတူတကွ ကြိုးပမ်းအားထုတ်မှုများ မှတစ်ဆင့် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် နှစ်နိုင်ငံအကြား အခြားသော ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့်ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က သဝဏ်လွှာ ပေးပို့ခဲ့။**

- မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပြီး အာဆီယံဒေသတွင်း ဖိုရမ်မှတစ်ဆင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုကို များစွာတန်ဖိုးထား ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ၊ ဘုရင်မင်းမြတ်က သဝဏ်လွှာပေးပို့ခဲ့။
- မကြာမီကာလအတွင်း အဆွေတော်အား မြန်မာနိုင်ငံ၌တွေ့ဆုံရန် မျှော်လင့်လျက်ရှိပြီး အဆွေတော်အား အစဉ် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ကမ္ဘောဒီးယားနိုင်ငံ၊ ဝန်ကြီးချုပ်က သဝဏ်လွှာပေးပို့ခဲ့။
- နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဆားဘီးယားသမ္မတနိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးများက ဝမ်းမြောက် ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းနှင့် စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် စာချ ဆရာတော်များ၊ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓ သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေကြသည့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင် ရာဘွဲ့တံဆိပ်တော်များအပ်နှင်းခြင်းနှင့် စွမ်းရည်သတ္တိနှင့် စွမ်း ဆောင်ရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအမိန့်များအား ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော် ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းရာတွင် ဆရာ တော် ၂၈၄ ပါး၊ သီလရှင်ဆရာတော် ၄၁ ပါးနှင့် လူပုဂ္ဂိုလ် ၂၇ ဦးတို့အား လှူဒါန်းအပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ အရ-

- တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့ သူရ ဘွဲ့ ၄ ဦး။
- စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ဇေယျကျော် ထင်ဘွဲ့ ၁၂ ဦးနှင့် အလင်္ကာကျော်စွာဘွဲ့ ၂ ဦး။
- တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့ သူရဲ ကောင်းမှတ်တမ်းဝင်တံဆိပ် ၁၄ ဦး။
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်များ ရဲသူရတံဆိပ် ၇၅ ဦး၊ ရဲဗလတံဆိပ် ၉၆၁ ဦး၊ ရဲကျော်စွာတံဆိပ် ၉ ဦး၊ ရဲကျော်သူတံဆိပ် ၃ ဦး။
- မြန်မာနိုင်ငံ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် များ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ၁၇ ဦး၊ စီမံထူးချွန် တံဆိပ် (တတိယဆင့်) ၂၆ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမ ဆင့်) ၂ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ၁၀ ဦး။
- စီးပွားထူးချွန်တံဆိပ်များ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ၅ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယ ဆင့်) ၄ ဦး၊ ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်) ၁၁ ဦး၊ ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ၉၇ ဦး။
- ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ ဝိဇ္ဇာပညာထူးချွန် တံဆိပ်(ပထမဆင့်) ၁ ဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်) ၃၃ ဦး၊ အနုပညာထူးချွန်တံဆိပ် (ပထမ ဆင့်) ၁ ဦး၊ အနုပညာထူးချွန်တံဆိပ်(တတိယဆင့်) ၃ ဦး တို့အား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ် များ ချီးမြှင့်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၁-၂၀၂၂)**

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းရာတွင် ဆရာတော် ၂၈၄ ပါး၊ သီလရှင်ဆရာတော် ၄၁ ပါးနှင့် လူပုဂ္ဂိုလ် ၂၇ ဦးတို့အား လှူဒါန်းအပ်နှင်းခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လူပုဂ္ဂိုလ် ၁,၂၇၉ ဦးတို့အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့။

# ကရင်ပြည်နယ်၊ လေးကေ့ကော်ဒေသ၊ အင်းကြင်းမြိုင်၊ မယ်ထော်သလေးနှင့် ဖလူးကြီး ကျေးရွာတို့တွင် နေထိုင်သူ ၇၅၁ ဦး ၎င်းတို့နေရပ်သို့ ထပ်မံပြန်လည်ဝင်ရောက်







နေရပ်ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုလက်ခံကာ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးနေမှု

ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့သစ်တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာလ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာစကားများဖြင့် ပြန်လည်ဖိတ်ခေါ်ခြင်း၊ ထိုင်း- မြန်မာ နယ်ခြားကော်မတီများမှ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအနက်မှ ဇန်နဝါရီလ ၃ ရက်တွင် အင်းကြင်းမြိုင်၊ မယ်ထော်သလေးနှင့် ဖလူးကြီးကျေးရွာတို့တွင် နေထိုင်သူ အမျိုးသား ၃၉၆ ဦး၊ အမျိုးသမီး ၃၅၅ ဦး၊ စုစုပေါင်း ၇၅၁ ဦးတို့သည် ၎င်းတို့နေရပ်သို့ အသီးသီး ထပ်မံပြန်လည်ဝင်ရောက်လာခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်မှ ၂၀၂၂ခုနှစ် ဇန်နဝါရီလ ၃ ရက်အထိ အင်းကြင်းမြိုင်၊ မင်းလက်ပံ၊ မယ်ထော်သလေးနှင့် ဖလူးကြီးကျေးရွာတို့တွင် နေထိုင်သူ အမျိုးသား ၃,၁၀၈ ဦး၊ အမျိုးသမီး ၃,၅၁၅ ဦး၊ စုစုပေါင်း ၆,၆၂၃ ဦးတို့သည် ၎င်းတို့နေရပ်သို့ အသီးသီးပြန်လည်ဝင်ရောက်လာခဲ့ပါသည်။

အဆိုပါပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျလက်ခံခဲ့ပြီး ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များနှင့် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၄-၁-၂၀၂၂)

- ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်အထိ အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ မယ်ထော်သလေးနှင့် ဖလူးကြီးကျေးရွာတို့တွင် နေထိုင်သူ အမျိုးသား ၃,၁၀၈ ဦး၊ အမျိုးသမီး ၃,၅၁၅ ဦး၊ စုစုပေါင်း ၆,၆၂၃ ဦး တို့သည် ၎င်းတို့နေရပ်သို့ အသီးသီးပြန်လည်ဝင်ရောက်လာခဲ့။

## ပြည်ပနိုင်ငံမှ မှာယူသယ်ဆောင်လာသည့် အောက်ဆီဂျင်တင်မော်တော်ယာဉ်အား KNLA အဖွဲ့ နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်



အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် အောက်ဆီဂျင်တင်မော်တော်ယာဉ်

ဇန်နဝါရီလ ၃ ရက်တွင် ထိုင်းနိုင်ငံမှ အောက်ဆီဂျင် အရည် ၂၀ တန် တင်ဆောင်လာသည့် မော်တော်ယာဉ်သည် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာစဉ် မြဝတီမြို့နယ်၊ အပြင်ကွင်းကလေးကျေးရွာ၏ အနောက်မြောက်ဘက်မိုင်တာ ၂၀၀၀ ခန့်အကွာသို့အရောက်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်မောင်းဖြစ်သူ ဦးဇေယျနှင့် ယာဉ်နောက်လိုက်ဖြစ်သည့် ဦးအောင်ကြီးတို့တွင် လက်နက်ငယ်ကျည်ထိမှန်(စိုးရိမ်ရ)ဒဏ်ရာများအသီးသီး ရရှိခဲ့ပါသည်။

ထို့ပြင် မော်တော်ယာဉ်မှာလည်း လေကာမှန်များ ကွဲကြေပျက်စီးခဲ့ပြီး ဒဏ်ရာရရှိသူများအား သင်္ကန်းညီနောင် လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် သင်္ကန်းညီနောင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်လျက်ရှိသည့်အပြင် အောက်ဆီဂျင်လိုအပ်မှုများကိုလည်း ပြည်တွင်းထုတ်လုပ်မှုများအပြင် ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းဖြည့်ဆည်းပေးလျက်ရှိပြီး လိုအပ်ချက်များအပေါ်မူတည်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေဖြန့်ဖြူးပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ပြည်သူများ၏ ကျန်းမာရေးကဏ္ဍများတွင် အောက်ဆီဂျင်လိုအပ်ချက် မရှိစေရေး ဆောင်ရွက်ပေးနေသည့်အပေါ် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ယခုကဲ့သို့ လူသားချင်းစာနာထောက်ထားမှုမရှိဘဲ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုအပေါ် ပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိပြီး ယခုကဲ့သို့ ကျန်းမာရေးကဏ္ဍအား ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် နိုင်ငံတကာမှလည်း ဝိုင်းဝန်းပြစ်တင်ရှုတ်ချပေးရန် လိုလားလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးလုပ်ငန်းများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁-၂၀၂၂)**

## အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့၏ မှတ်တမ်းဓာတ်ပုံများ



ယာဉ်မောင်း ဦးဇေယျ



ယာဉ်နောက်လိုက် ဦးအောင်ကြီး

- **KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ထိုင်းနိုင်ငံမှ အောက်ဆီဂျင်အရည် ၂၀ တန်တင်ဆောင်လာသည့် မော်တော်ယာဉ်အား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့။**
- **ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်မောင်းဖြစ်သူ ဦးဇေယျနှင့် ယာဉ်နောက်လိုက်ဖြစ်သည့် ဦးအောင်ကြီးတို့တွင် လက်နက်ငယ်ကျည်ထိမှန်(စိုးရိမ်ရ)ဒဏ်ရာများ အသီးသီးရရှိခဲ့။**
- **KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ယခုကဲ့သို့ လူသားချင်းစာနာထောက်ထားမှုမရှိဘဲ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုအပေါ် ပြည်သူများက ဝိုင်းဝန်းပြစ်တင်ရှုတ်ချလျက်ရှိ။**

## ရေဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့်ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် ၂ စီးကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG လက်အောက်ခံ PDF အကြမ်းဖက်သမားများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစ ရပ်များအား ဖုံးခွဲတိုက်ခိုက်ခြင်း၊ ကိုဗစ်-၁၉ ကုသရေးဆေးရုံနှင့် စင်တာများအား နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးသယ်ဆောင်လာသည့်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အစွန်းရောက်အယူဝါဒများဖြင့် လုပ်ကြံသတ်ဖြတ်မှုများကြောင့် ပလူဇာဝတိုက်နယ်ဆေးရုံအား ယာယီရုတ်သိမ်းခဲ့ပြီး အဆိုပါဆေးရုံရှိဆေးဝါးများအား ရေဦးမြို့ ပြည်သူ့ဆေးရုံသို့ ဇန်နဝါရီလ ၂ ရက်တွင် လူနာတင်ယာဉ် ၂ စီးဖြင့် သယ်ဆောင်လာစဉ် ဘုတလင်မြို့နယ်၊ မြောက်ကျီကျေးရွာကျော်အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လမ်းဘေးမှ လက်လုပ်မိုင်း ၂ လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လူနာတင်ယာဉ် ၁ စီး၏ ယာဘက်ခြမ်း ရှေ့/နောက် ကားဘီးများထိမှန်ပျက်စီးခဲ့ပြီး အဆိုပါယာဉ်ပေါ်ပါ လူ ၂ ဦးတွင် မိုင်းစထိမှန်(စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် ပျက်စီးသွားသည့် လူနာတင်ယာဉ်အား အဆိုပါနေရာ၌ ထားရစ်ခဲ့ကာ ကျန်လူနာတင်ယာဉ် ၁ စီး ဖြင့် ဘုတလင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူခဲ့သည်။

## အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျန်းမာရေးဝန်ထမ်း ၂ ဦး နှင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လူနာတင်ယာဉ် ၂ စီးတို့၏ မှတ်တမ်းဓာတ်ပုံများ



**ဦးလှိုင်ဝင်းယု**



**ဦးပေါ်ရှမ်းမှောင်**






အစွန်းရောက် အကြမ်းဖက်သမားများသည် ဂျီနီဗာ ကွန်ဗင်းရှင်းတွင် ပါဝင်သော ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍ ကျန်းမာရေးစောင့်ရှောက်သည့်နေရာများကို လူသားချင်း စာနာမှုကင်းမဲ့စွာဖြင့် နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်လျက်ရှိသည့်အတွက် ပြည်သူအားလုံးကလည်း ၎င်းတို့၏အကြမ်းဖက် လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချလျက်ရှိပါသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးကာ ကျန်ရှိခဲ့သည့် ဆေးဝါးများတင်ဆောင်ထားသည့် လူနာတင်ယာဉ်အား ပြန်လည်ပြင်ဆင်သယ်ဆောင်နိုင်ရေးနှင့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၄-၁-၂၀၂၂)**

- **ရေဦးမြို့နယ်၊ ပလူဇာဝတိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးဝါးများသယ်ဆောင်လာသည့် လူနာတင်ယာဉ် ၂ စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် လူနာတင်ယာဉ် ၁ စီး ပျက်စီးကာ ကျန်းမာရေးဝန်ထမ်း ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့။**

# ကယားပြည်နယ်ရှိ KNPP နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က ရှားတောမြို့နယ် ရှားတော-လွိုင်ကော်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



**ကယားပြည်နယ်၊ ရှားတောမြို့နယ်ရှိ သံကူကွန်ကရစ်တံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ**

ဇန်နဝါရီလ ၂ ရက်တွင် ရှားတောမြို့နယ်၊ ရှားတော-လွိုင်ကော်သွားကားလမ်း မိုင်တိုင်အမှတ် ၃၉ ကီလိုမီတာအနီးတွင် တည်ဆောက်ထားသည့် အရှည်ပေ ၆၀ ရှိ သံကူကွန်ကရစ်တံတားအား KNPPနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားကြမ်းခင်းအလယ်၌ ၈ ပေပတ်လည်ခန့် ပွင့်ထွက်ပျက်စီးခဲ့ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် KNPPနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့သည် ပြည်သူပိုင်အဆောက်အဦများနှင့် လမ်းတံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်လုပ်များကြောင့် ပြည်သူများ၏ ခရီးသွားလာရေး၊ ဆက်သွယ်ရေးနှင့် လူမှုစီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများစွာရှိလာ၍ ၎င်းတို့လုပ်ရပ်များအား ပြည်သူများက လုံးဝဆန့်ကျင်၍ ပြစ်တင်ရှုတ်ချလျက်ရှိပါသည်။

အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တံတားပျက်စီးကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်းနှင့် အဆိုပါတံတားအား အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁-၂၀၂၂)**

- **KNPPနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က ရှားတော-လွိုင်ကော်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့။**
- **အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တံတားပျက်စီးကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်းနှင့် အဆိုပါတံတားအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ။**